# ၄။ ယာဉ်မတော်တဆမှုဖြစ်ပေါ်ပါက ပြုလုပ်ရမည့်အရာများ

## ၄-၁။ ယာဉ်မောင်းနှင်မှုရပ်တန့်ခြင်း

- ယာဉ်ကိုချက်ချင်းရပ်တန့်ပါ။
- အခြားယာဉ်များအသွားအလာကိုမပိတ်ဆို့စေရန် မော်တော်ယာဉ်ကို လမ်းဘေး နှင့် နေရာလွတ် စသည့် ဘေးအန္တရာယ်ကင်းရှင်းသောနေရာသို့ ရွှေ့ရမည်။

## ၄-၂။ အရေးပေါ်နှင့်ရဲစခန်းသို့အကြောင်းကြားခြင်း

- ဒဏ်ရာရရှိသူရှိပါက အရေးပေါ်ယာဉ် (ဖုန်းနံပါတ်၁၁၉)သို့ ဖုန်းခေါ်ပါ။
- အရေးပေါ်ယာဉ် မလာသေးမီ၌ ဒဏ်ရာရရှိသူကို မလိုအပ်ဘဲ ရွှေ့ပြောင်းခြင်း မပြုလုပ်ရန်။ အော်ပရေတာ၏ ညွှန်ကြားချက်အတိုင်း လိုက်နာ၍ သွေးတိတ်စေခြင်းစသည့် မိမိတတ်နိုင်သည့် အတိုင်းအတာအထိ အရေးပေါ် အသက်ကယ်ခြင်းတို့ကို ဆောင်ရွက်ပါ။
- ဒဏ်ရာရသူရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ရဲစခန်း(ဖုန်းနံပါတ်၁၁၀)သို့ အကြောင်းကြားရန် လိုအပ် သည်။
- ရဲအရာရှိမလာရောက်မချင်း အခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာခွင့်မရှိပါ။
- ရဲအရာရှိရောက်ရှိလာပါက မတော်တဆမှုဖြစ်ပွားပုံကိုတင်ပြ၍ အခင်းဖြစ်ပွားရာနေရာကို အတည် ပြုစစ်ဆေး ပေးရန် တောင်းဆိုရမည်။

## ၉-၃။ ဆရာဝန်၏ဆေးစစ်ချက်

- မတော်တဆမှုဖြစ်ပွားချိန်တွင် ဒဏ်ရာရရှိခြင်းမရှိ သို့မဟုတ် ဒဏ်ရာအသေးအဖွဲ့ဟုသာ ထင်မြင်ရ သော်လည်း နောက်ပိုင်း၌ ဒဏ်ရာကြီးကြီးမားမားရှိနေကြောင်းသိရှိရသည့်အခါများလည်း ရှိတတ် သည်။
- ဆရာဝန်၏ ကျန်းမာရေးဆေးစစ်မှုကို အလျင်အမြန်ခံယူထားသင့်သည်။

**အသေးစိတ်ကို အောက်ပါ အင်တာနက်စာမျက်နှာတွင် ဖတ်ရှုပါ။**

https://www.npa.go.jp/english/bureau/traffic/index.html

## ၉-၄။ ယာဉ်တော်တဆမှုသက်သေခံလက်မှတ်လျှောက်ထားခြင်း

- ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် အမျိုးမျိုးသော အထောက်အပံ့များ ရရှိနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၌ “ယာဉ်တော်တဆမှုသက်သေခံလက်မှတ်”လိုအပ်လာနိုင်သည်။
- “ယာဉ်တော်တဆမှုသက်သေခံလက်မှတ်”သည် ယာဉ်အန္တရာယ်ကင်းရှင်းရေးယာဉ်မောင်းစင်တာ (Japan Safe Driving Center JSDC) ၌ လျှောက်ထားရယူနိုင်သည်။ လျှောက်ထားရန် လုပ်ထုံး လုပ်နည်းမှာ မတော်တဆမှုကို အကြောင်းကြားခဲ့သည့် ရဲစခန်းတွင် မေးမြန်းစုံစမ်းပါ။
- ထို့အပြင် ရဲစခန်းသို့အကြောင်းကြားထားခြင်းမရှိသည့် မတော်တဆမှု၏ “ယာဉ်တော်တဆမှု သက်သေခံလက်မှတ်”ကို မလျှောက်ထားနိုင်ပါ။ ယာဉ်မတော်တဆမှုဖြစ်ပွားပါက ရဲစခန်းသို့ မပျက်မကွက် အကြောင်းကြားပါ။

**ယာဉ်အန္တရာယ်ကင်းရှင်းရေးယာဉ်မောင်းစင်တာ**

https://www.jsdc.or.jp/center/tabid/106/Default.aspx